# ပြန်လည် သုံးသပ်မှု

**ပြန်လည်သုံးသပ်မှု** ဆိုသည်မှာ –

ဆုံးဖြတ်ချက်ချမှတ်ခြင်းခံရသူ တစ်ဦးဦးသည် ခုံအဖွဲ့က ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်နှင့် စပ်လျဥ်း၍ ပြန်လည်သုံးသပ်ပေးပါရန် ခုံအဖွဲ့ သို့ပင် ပြန်လည် လျှောက်ထားသည့်အမှုကို ဆိုသည်။

## ကာလစည်းကမ်းသတ်

ပြန်လည်သုံးသပ်မှု လျှောက်ထားခြင်းကို ခုံအဖွဲ့၏စီရင်ချက်အမိန့် ချမှတ်သည့်နေ့မှ ရက်ပေါင်း ကိုးဆယ်အတွင်း အချိန်မီ လျှောက်ထားရန် လိုအပ်ပါသည်။

## အမှုတင်သွင်းလျှောက်ထားခြင်း

- အမှုတင်သွင်းလျှောက်ထားပါက လျှောက်ထားသူ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့် ဖြစ်စေ၊ အကျိုးဆောင် ရှေ့နေဖြင့် ဖြစ်စေ အခွန်အယူခံ ခုံအဖွဲ့ရုံး မှတ်ပုံတင်အရာရှိထံသို့ လူကိုယ်တိုင် လာရောက် လျှောက်ထားရမည် ဖြစ်ပါ သည်။
- အမှုတင်သွင်း လျှောက်ထားပါက သတ်မှတ်ပုံစံ နှင့် အညီ လိုအပ်သော အထောက်အထားများကို ပူးတွဲ လျက် လျှောက်ထားရမည်။
- အခွန်အယူခံခုံအဖွဲ့၏ ချမှတ်သောအမိန့်အပေါ် ပြန်လည်သုံးသပ်မှုနှင့် ပြင်ဆင်မှု လျှောက်ထားလိုပါက အောက်ဖော်ပြပါ စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံစွာပါရှိရန်လိုအပ်ပါသည်–
  - ရုံးခွန်အက်ဥပဒေနှင့်အညီတံဆိပ်ခေါင်းကပ်နှိပ်ထားသော **ပြန်လည် သုံးသပ်မှု/ ပြင်ဆင်မှု လျှောက် ထားလွှာ ပုံစံ (အခယ–၂)** မူရင်း (၁) စောင်နှင့် မိတ္တူ (၆) စောင်၊
  - အခွန်အယူခံခုံအဖွဲ့မှ ချမှတ်သည့် အယူခံစီရင်ချက်၏ တာဝန်ခံမိတ္တူ (Certified Copy) မူရင်း (၁) စောင် နှင့် မိတ္တူ (၆) စောင်၊
  - အမှုအတွက် တင်သွင်းလိုသည့် အထောက်အထားစာရွက်စာတမ်းများ မူရင်း(၁)စောင် နှင့် မိတ္တူ (၆) စောင် ၊
  - ကိုယ်တိုင် လျှောက်ထားခြင်းမဟုတ်ဘဲ ရှေ့နေဖြင့်လျှောက်ထားခြင်း ဖြစ်ပါက ရုံးခွန်အက်ဥပဒေနှင့်အညီ တံဆိပ်ခေါင်းကပ်နှိပ်ထားသော တရားမ ကိုယ်စားလှယ်လွှဲစာ (Civil Power) မူရင်း (၁)စောင်နှင့် မိတ္တူ (၆) စောင် ၊ ကိုယ်စားလှယ်ဖြစ်ပါက အယူခံ တရားလိုမှ တရားဝင်လွှဲအပ်သည့် (Special Power) သို့မဟုတ် (General Power) မူရင်း (၁)စောင်နှင့်မိတ္တူ (၆)စောင်၊ မူရင်းတွင် ရုံးခွန်အက်ဥပဒေနှင့်အညီ တံဆိပ်ခေါင်း ကပ်နှိပ်ရပါမည်။

**– သတ်မှတ် လျှောက်ထားလွှာ နမူနာပုံစံ အောက်တွင် ပူးတွဲဖော်ပြထားပါသည် –**

## မိတ္တူကူးယူခြင်း

- လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူသည် ၎င်း၏ အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်း များနှင့် စီရင်ချက် အမိန့်တို့ကို မိတ္တူအဖြစ်ကူးယူခွင့်ပြုရန် တင်ပြ လျှောက်ထားနိုင်ပါသည်။
- မိတ္တူကူးလျှောက်ထားလိုသူသည် မိတ္တူကူးလျှောက်လွှာ **အခယ–၅ ပုံစံ**တွင် ပြည့်စုံစွာ ရေးသားဖြည့်စွက်၍ ထိုလျှောက်လွှာပေါ်တွင် ရုံးခွန်အက်ဥပဒေအရ လျှောက်လွှာအတွက် သတ်မှတ်ထားသော ရုံးခွန်တံဆိပ်ခေါင်း ကပ်ပြီး လက်မှတ်ရေးထိုးကာ မှတ်ပုံတင်အရာရှိထံ တင်သွင်းရပါမည်။
- သတ်မှတ် မိတ္တူကူးခကို မြန်မာ့စီပွားရေးဘဏ်ရှိ အခွန်အယူခံခုံအဖွဲ့ရုံး ငွေစာရင်းခေါင်းစဉ်သို့ ပေးသွင်းရပါမည်။ မိတ္တူကူးခကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည်–
  - စာတစ်မျက်နှာ သို့မဟုတ် တစ်မျက်နှာ၏ အစိတ်အပိုင်းအတွက် တစ်ရာကျပ်နှုန်း၊
  - အလျင်အမြန် မိတ္တူကူးပေးရန် ဖြစ်လျှင် ကျသင့်မိတ္တူကူးခ၏ ငါးဆ၊
- မိတ္တူရေးကူးပေးခြင်းကို မိတ္တူကူးခ ပေးသွင်းပြီးကြောင်း အထောက်အထားရရှိသည့်နေ့မှ (၅) ရက်အတွင်း ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။ တာဝန်ခံမိတ္တူ ထုတ်ယူခြင်းဖြစ်ပါက ထိုက်သင့် ရုံးခွန်ကို ကပ်နှိပ် ထမ်းဆောင်ရမည် ဖြစ်ပါသည်။

**– သတ်မှတ် လျှောက်ထားလွှာ နမူနာပုံစံ အောက်တွင် ပူးတွဲဖော်ပြထားပါသည် –**

## ရုံးခွန်ထိုက်သင့်မှု

- အယူခံမှုလျှောက်ထားခြင်းအတွက် ရုံးခွန် ထိုက်သင့်မှုမှာ ၅၀၀ ကျပ် ဖြစ်ပါသည်။
- ထိုက်သင့်သည့် ရုံးခွန် ကပ်တံဆိပ်ခေါင်း၏ နမူနာ ပုံစံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –



## လျှောက်ထားချက်ကို ဖြည့်စွက်ခြင်း

- လျှောက်ထားတင်ပြချက်တွင် အချက်အလက် တစ်စုံတစ်ရာကို ထပ်မံ ဖြည့်စွက်ရန် အကြောင်း ပေါ်ပေါက်လာပါက အမှုကြားနာရန် ကြိုတင်သတိပေး အမှုခေါ်စာရင်း မထုတ်ပြန်မီ ထပ်မံ ဖြည့်စွက်လိုကြောင်း တင်ပြလျှောက်ထားရမည်။

## လျှောက်ထားသူသည် ကုမ္ပဏီ ဖြစ်ခြင်း

- လျှောက်ထားသူကုမ္ပဏီ၏ ကိုယ်စား ဆောင်ရွက်သည့် အမှုများအတွက် ကုမ္ပဏီအမည်ဖြင့် တင်သွင်း လျှောက်ထားရမည်။
- ကုမ္ပဏီ၏ ကိုယ်စား ကုမ္ပဏီတွင် ပါဝင်ဆောင်ရွက်နေသူအား တာဝန်ပေးအပ်ပါက ကုမ္ပဏီက တာဝန်ပေးအပ်သည့် စာ ပူးတွဲတင်ပြရမည်။
- ကုမ္ပဏီတွင်ပါဝင် ဆောင်ရွက်နေသူ မဟုတ်ပါက ကုမ္ပဏီမှ ပေးအပ်သည့် အခွင့်ရကိုယ်စားလှယ် လွှဲအပ်စာ အထောက်အထား ပူးတွဲတင်ပြရမည်။

## လျှောက်လဲချက်ပေးခြင်း

- တရားမကျင့်ထုံး ဥပဒေ အမိန့် ၃၊ နည်းဥပဒေ ၁ နှင့် ၂ ပါ ပြဋ္ဌာန်းချက်အရ အခွင့်ရ ကိုယ်စားလှယ်သည် လျှောက်ထားသူ ကိုယ်စား ခုံရုံးသို့ လာရောက်ခြင်း (Appearance) ၊ လျှောက်ထားခြင်း (Application) ၊ ဆောင်ရွက်ခြင်း (Act) ပြုနိုင်သော်လည်း ရှေ့နေရှေ့ရပ်များနည်းတူ ခုံရုံးတွင် လျှောက်လဲချက်ပေးခြင်း (Pleading or addressing) ကို ရှေ့နေလိုင်စင် မရှိဘဲ ပြုခွင့် မရှိပါ။
- လျှောက်ထားသူ ကိုယ်တိုင် သို့မဟုတ် အကျိုးဆောင်ရှေ့နေ သို့မဟုတ် ရှေ့နေလိုင်စင် ရရှိထားသူ အခွင့်ရ ကိုယ်စားလှယ်တို့က လျှောက်လဲချက် ပေးခြင်းကိုသာ ခုံအဖွဲ့က လက်ခံခွင့်ပြုမည် ဖြစ်ပါသည်။

အခယ-၂

**အခွန်အယူခံ ခုံအဖွဲ့ ရုံးတော်**

**၂၀ ခုနှစ်၊ --------------- ပြန်လည်သုံးသပ်မှု/ပြင်ဆင်မှု အမှတ် (        )**

အမည် – ------------------------------

နိုင်ငံသား စိစစ်ရေးအမှတ် – ------------------------------

လိပ်စာ – ------------------------------ ---------------- လျှောက်ထားသူ

– ------------------------------

ဖုန်းနံပါတ် – ------------------------------

နှင့်

အမိန့်ထုတ်ပြန်သည့် – ------------------------------

ဌာန၏ အမည်နှင့် – ------------------------------ ---------------- လျှောက်ထားခံရသူ

တည်ရှိရာအရပ် – ------------------------------

– ------------------------------

(အထက်ပါလိပ်စာသည် လျှောက်ထားသူနှင့် လျှောက်ထားခံရသူ တို့အား ဆင့်ဆိုရန် လိပ်စာ ဖြစ်ပါသည်။ သို့မဟုတ် လိပ်စာကို သီးခြားလျှောက်လွှာ စာတွဲဖြင့်လည်း တင်သွင်းနိုင်သည်။)

**လျှောက်ထားသူ၏** ------------------------------------------------

------------------------------ **ပြန်လည်သုံးသပ်/ပြင်ဆင်ပေးစေလိုမှု တင်ပြလျှောက်ထားခြင်း**

အထက်ပါအမှုအား လျှောက်ထားသူ **ကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်**မှ အောက်ပါအတိုင်း လျှောက်ထားအပ်ပါသည်။

**အမှုအကြောင်းအရာအကျဉ်း**

အမှုမှာ ------------------------------------------------------------------------

------------------------------------------------------------------------။

**ကာလစည်းကမ်းသတ် ကျော်လွန်ခြင်းအပေါ် အယူခံ အကြောင်းပြချက်များ**

၁။ ကာလစည်းကမ်းသတ် ကျော်လွန်သည့် အမှုဖြစ်မှသာ တင်ပြရန် ------------------------------

------------------------------------------------------------------------။

**အကြောင်းပြချက်များ**

၁။ ------------------------------------------------------------------------

------------------------------။

၂။ ------------------------------------------------------------------------

------------------------------။

(လက်မှတ်)

လျှောက်ထားသူ၏ ရှေ့နေ ကိုယ်စားလှယ်အမည်

နိုင်ငံသား စိစစ်ရေးအမှတ် (သို့) ရှေ့နေဖြစ်ပါက

လိုင်စင်အမှတ်၊ လိပ်စာ အပြည့်အစုံ

( သို့မဟုတ် )

(လက်မှတ်)

လျှောက်ထားသူအမည်

နိုင်ငံသား စိစစ်ရေးအမှတ်

လိပ်စာ အပြည့်အစုံ

အမှုတင်သည့်နေ့စွဲ။ ------------------------------။

လျှောက်ထားချက်နှင့် ပူးတွဲတင်ပြသော စာရွက်စာတမ်းများစာရင်း

အခယ-၅

# မိတ္တူလျှောက်လွှာ

၁။ လျှောက်ထားသူအမည် ------------------------------

၂။ မိတ္တူကူးလိုသော အမှုတွဲ -

( က ) အမျိုးအစား ခုနှစ် နှင့် အမှတ် ------------------------------

( ခ ) အမှုသည်တို့၏ အမည်များ ------------------------------

၃။ မိတ္တူလျှောက်လွှာ တင်သောရက် ------------------------------

၄။ မိတ္တူရယူလိုသည့် စာရွက်စာတမ်း အမျိုးအမည် ------------------------------

၅။ မိတ္တူကူးရန် မူရင်းစာ၏ စာမျက်နှာ အရေအတွက် ------------------------------

------------------------------

------------------------------

၆။ ရယူလိုသည့် မိတ္တူ အမျိုးအစား ------------------------------

၇။ တာဝန်ခံ မိတ္တူအတွက် ရုံးခွန်တံဆိပ်ခေါင်း (လိုအပ်လျှင်) ------------------------------

၈။ လျှောက်ထားသူသည် အမှုနှင့် မည်သို့ သက်ဆိုင်သည် ------------------------------

------------------------------

လျှောက်ထားသူ၏ လက်မှတ် ----------------------

နိုင်ငံသား စိစစ်ရေးအမှတ် ----------------------

ရက်စွဲ၊ ----------------------

---

---------------------- မှုအမှတ် (      /      ) ၏ ---------------------- နှင့် ---------------------- တို့ အမှုတွင် ------------------------------ ကို ရိုးရိုးမိတ္တူ/တာဝန်ခံမိတ္တူကူးရန် ------------------------------ က တင်သွင်းသည့် လျှောက်လွှာကို ---------------------- ရက် -------------- နာရီ အချိန်တွင် လက်ခံ ရရှိပါသည်။

မှတ်ပုံတင် အရာရှိ

လက်မှတ် ------------------------------

အမည် ------------------------------

ရက်စွဲ၊ ----------------------